## လက်လီအရောင်းဆိုင်များရှိ သာမန်စားသုံးသူများထံသို့ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို အသိပေးသည့် နည်းလမ်း

### ○ ထုတ်ကုန်ပေါ်တွင် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို တိုက်ရိုက်ရေးသားခြင်းဖြင့် အသိပေးသည့်အခါ

·ပြည်တွင်းတွင် စိုက်ပျိုးထုတ်လုပ်သည့် ဆန်ဖြစ်ပါက"ပြည်တွင်းတွင်ထုတ်လုပ်သည်" သို့မဟုတ် "ပြည်တွင်းထုတ်" စသဖြင့် ရေးရမည်။ (သို့သော် မြို့တော်နှင့် ခရိုင်များ၊ သာမန်အားဖြင့် လူသိများသော ဒေသအမည်များလည်း ရပါသည်။)
·ပြည်ပတွင် စိုက်ပျိုးထုတ်လုပ်သည့် ဆန်ဖြစ်ပါက ထို"နိုင်ငံအမည်" ကို ရေးရမည်။

<တစ်စုတည်းဖော်ပြသည့် ထုတ်ကုန်အညွှန်းဇယားကော်လံတွင် ရေးသားပုံဥပမာ>

| 名　称 | 米　菓 |
|---|---|
| 原材料名 | うるち米(国産、○○国産、その他)、食塩、調味料(アミノ酸) |
| 内 容 量 | 10枚 |
| 賞味期限 | 枠外上部に記載 |
| 保存方法 | 開封前は直射日光、高温多湿を避けて保存してください。 |
| 製 造 者 | ○○製菓株式会社<br>○○県○○市○○1-1-1 |

မည်သည့်နေရာတွင်မဆို ရေးသားနိုင်ပါသည်

<တစ်စုတည်းဖော်ပြသည့် ထုတ်ကုန်အညွှန်းဇယားကော်လံ၏ဘောင်ပြင်ပတွင်ရေးသားပုံဥပမာ>





①ကုန်ကြမ်းပစ္စည်းများတွင် ပါဝင်မှု အချိုးအစား များရာမှ နည်းရာသို့ အစဉ်လိုက် ရေးသားရမည်။
② မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသမှာ 3 နိုင်ငံနှင့်အထက်ရှိပါက အများဆုံးအသုံးပြုသည့် 2 နိုင်ငံအထိသာ ရေးသားပြီး အခြားသော စိုက်ပျိုးထုတ်လုပ်သည့်ဒေသကို "အခြား" ဟု ရေးသားနိုင်သည်။

### ○ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို သိရှိနိုင်မည့် နည်းလမ်းဖြင့် အသိပေးသည့်အခါ


**အဓိက အချက်!** ဝက်ဘ်ဆိုက်မှတစ်ဆင့် အသိပေးသည့်အခါရှိ အဓိကအချက်

❶ ထုတ်ကုန်စသည်တို့တွင် ဝက်ဘ်ဆိုက်လိပ်စာကို ရေးသားရမည်။
❷ ထုတ်ကုန်ထုပ်ပိုးမှုပေါ်တွင် ဝက်ဘ်ဆိုက်ကို ချိတ်ဆက်ခြင်းဖြင့် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို ရယူနိုင်ကြောင်းကို ရေးသားရန် လိုအပ်သည်။
❸ ဝက်ဘ်ဆိုက်ပေါ် ရှိ အဆိုပါထုတ်ကုန်၏ ထုတ်လုပ်သည့်ရက်စွဲ၊ လော့နံပါတ် (Lot Number) စသည်တို့နှင့် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကြားရှိ ဆက်စပ်မှုကို စစ်ဆေးသိရှိနိုင်ရန် လုပ်ဆောင်ထားဖို့ လိုအပ်သည်။




**အဓိက အချက်!** တယ်လီဖုန်း စသည်တို့မှတစ်ဆင့် ဆက်သွယ်မေးမြန်းခြင်းဖြင့် အသိပေးသည့်အခါ အဓိကအချက်များ

❶ "ဖောက်သည်များဆွေးနွေးရန်ကောင်တာ၏ ဖုန်းနံပါတ်" ကို ထုတ်ကုန်စသည်တို့တွင် ရေးသားရမည်။
❷ အဆိုပါဖုန်းနံပါတ်သည် သာမန် ဖောက်သည်များဆွေးနွေးရန် ဖုန်းနံပါတ်မျှသာ မဟုတ်ဘဲ "မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို ရယူနိုင်ရန်အတွက်" စုံစမ်းမေးမြန်းရမည့် နေရာဖြစ်ကြောင်းကို ရေးသားရန် လိုအပ်သည်။




### ဆက်သွယ်မေးမြန်းရန်လိပ်စာ

| | | | | |
|---|---|---|---|---|
| **北海道農政事務所**<br>米穀流通·食品表示監視課<br>TEL : 0120-051-031 | **関東農政局**<br>米穀流通·食品表示監視課<br>TEL : 0120-087-110 | **東海農政局**<br>米穀流通·食品表示監視課<br>TEL : 0120-242-110 | **中国四国農政局**<br>米穀流通·食品表示監視課<br>TEL : 0120-558-110 | **内閣府沖縄総合事務局**<br>農林水産部消費・安全課<br>TEL : 098-866-1672 |
| **東北農政局**<br>米穀流通·食品表示監視課<br>TEL : 0120-796-110 | **北陸農政局**<br>米穀流通·食品表示監視課<br>TEL : 0120-646-110 | **近畿農政局**<br>米穀流通·食品表示監視課<br>TEL : 0120-317-142 | **九州農政局**<br>米穀流通·食品表示監視課<br>TEL : 0120-005-110 | **農林水産省消費·安全局**<br>米穀流通·食品表示監視室<br>TEL : 0120-714-110<br>(ガイダンス番号「3」) |

● စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဆန်နှင့်ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများအား ခြေရာခံနိုင်မှု အက်ဥပဒေနှင့်စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များကို တင်ထားပါသည်။

URL http://www.maff.go.jp/j/syouan/keikaku/kome_toresa/index.html 米トレーサビリティ法 検索

2025.06



Rice Traceability

# ဆန်နှင့်ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများအား ခြေရာခံနိုင်မှု အက်ဥပဒေ

"ဆန်စပါး အရောင်းအဝယ်များဆိုင်ရာ အချက်အလက်များကို မှတ်တမ်းတင်ခြင်းနှင့် မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို အသိပေးခြင်းဆိုင်ရာ ဥပဒေ"

## ဆန်နှင့်ဆန်ဖြင့်ပြုလုပ်ထားသောပစ္စည်းများအား ခြေရာခံနိုင်မှု အက်ဥပဒေဆိုသည်မှာ...

ပြဿနာတစ်စုံတစ်ရာ ဖြစ်ပွားပါက ကုန်စည်စီးဆင်းမှုလမ်းကြောင်းများကို လျင်မြန်စွာဖော်ထုတ်နိုင်ရန်အတွက် ဆန်စပါး စသည်တို့၏ အရောင်းအဝယ်စသော မှတ်တမ်းများကို ရေးသားပြုစုခြင်း၊သိမ်းဆည်းထားခြင်းတို့ ပြုလုပ်ရန်နှင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်ဖောက်သည်များနှင့် သာမန်စားသုံးသူများထံ မူရင်းစိုက်ပျိုးထုတ်လုပ်သည့်ဒေသဆိုင်ရာအချက်အလက်များကို အသိပေးရန် တာဝန်သတ်မှတ်ထားပါသည်။




စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

